ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့မှာ

လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငင်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ငင်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငင်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ငင်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ငင်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး မကောင်း။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေး(၈)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ သွားဆေးခန်း။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေးဆေးစစ်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဟာရိုန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး မကောင်း။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံ တင်ထားသော နိုင်ငံရေးပါတီ၏ အမည် အစား ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေသည့် တခြားအမည်ဖြင့် တရားဝင် ဆိုင်းဘုတ်တင်ခွင့် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်အစား ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေသည့် တခြားအမည်ဖြင့် တရားဝင် ဆိုင်းဘုတ်တင်ခွင့် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်အစား အခြားပြည်သူလူထု ထင်ယောင်ထင်မှား ဖြစ်စေသည့် အမည်ဖြင့် တရားဝင် ဆိုင်းဘုတ်တင်ခွင့် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်းမှာ မာန်အောင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာမှာ မဲဆန္ဒရှင်ပြည်သူများမှ မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအစား ရခိုင်တိုင်းရင်းသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟု ဆိုင်းဘုတ်တင်ထားကြကြောင်း တိုင်ကြားကြသည့်အတွက် နီးစပ်ရာကျေးရွာများသို့ သွားရောက်ကြည့်ရှုခဲ့ရာ ၎င်းတို့တိုင်တန်းသည့် အတိုင်း မှန်ကန်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ အလားတူ အမ်းမြို့နယ်တွင်လည်း ရခိုင်တိုင်းရင်းသားများ နေထိုင်သော ကျေးရွာများတွင် ရခိုင်တိုင်းရင်းသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီဟုလည်းကောင်း၊ ချင်းတိုင်းရင်းသားများ နေထိုင်ကြသော ကျေးရွာများတွင် ချင်းတိုင်းရင်းသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ သို့မဟုတ် ချင်းတိုင်းရင်းသားများ၏ ပြည်ခိုင်ဖြိုး ပါတီဟုလည်းကောင်း ဆိုင်းဘုတ်များတင်ထားကြသည်ဟု တိုင်တန်းကြပါတယ်။ အလားတူ ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်များရှိ ကျေးရွာများတွင်လည်း အလားတူ ဆိုင်းဘုတ်များ တင်ထားကြကြောင်း လာရောက်တိုင်တန်းကြပါတယ်။

ဤကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်မဟုတ်ဘဲ ကျေးရွာများတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏အမည်များကို သုံးစွဲလျက် ဆိုင်းဘုတ်များကို တင်ထားကြခြင်းအားဖြင့် အများပြည်သူလူထု၏စိတ်တွင် ဇဝေဇဝါ ဖြစ်ကာ ဝေခွဲမရအောင် ဖြစ်စေနိုင်ပါတယ်။ ဤကိစ္စနှင့်ပတ်သက်၍ မာန်အောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံသို့ သွားရောက်မေးမြန်းရာတွင် ဤကိစ္စအား ခရိုင်ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးတွင် တင်ပြထားကြောင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ ရခိုင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြထားကြကြောင်း ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားမှု မရှိသေးကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များ၏ဆန္ဒ သဘောထားအရ အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေး ပါတီ၏ အမည်အစား ပြည်သူလူထု ထင်ယောင်ထင်မှား ဖြစ်စေသည့် အခြားအမည်ဖြင့် တရားဝင် ဆိုင်းဘုတ်တင်ခွင့် ရှိ/မရှိနှင့် (ခ) ဤကဲ့သို့ ဆိုင်းဘုတ်တင်ပါက ကော်မရှင်အနေဖြင့် ဥပဒေကြောင်း

အရ အရေးယူပဟန့်တားပိုင်ခွင့် ရှိ/မရှိတို့ကို သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးမြင့်နိုင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီများရဲ့ အမည်အစား အခြားပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေတဲ့ အမည်နဲ့ တရားဝင်ဆိုင်းဘုတ်တင်ခွင့် ရှိ/မရှိ သိလိုခြင်း မေးမြန်းထားခြင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ၂၆-၃-၂၀၁၅ ရက်စွဲပါ စာအမှတ် ၁/ ရကပ-၁/ ကမရ ၁၃၆ ဖြင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ရပ်ကွက်၊ ကျေးရွာများတွင် ရခိုင်တိုင်းရင်းသားများ၏ ပြည်ခိုင်ဖြိုးပါတီ၊ ချင်းတိုင်းရင်းသားများ၏ ပြည်ခိုင်ဖြိုးပါတီဟူ၍ ဆိုင်းဘုတ်များတင်ထားလျက်ရှိကြောင်း ဤသို့ တင်ထားမှုသည် ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်ထားခြင်း မရှိသောအမည်ကို ဖျက်သိမ်းဆောင်ရွက် ပေးသင့်ကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက တင်ပြလာမှုအပေါ်မှာ လမ်းညွှန်မှု ပြုပေးပါဆိုပြီးမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြလာခဲ့ပါတယ်။

ဒီလိုတင်ပြလာချက်အပေါ်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးတော့မှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ တရားဝင်မှတ်ပုံတင်ခွင့် ပြုထားတဲ့ ပါတီရဲ့ အမည်ကိုသာ သုံးစွဲရန်နှင့် မှတ်ပုံတင်ထားခြင်းမရှိတဲ့ ပါတီအဖွဲ့အစည်း အမည်အမျိုးမျိုးကိုတင်ကာ ရပ်ကွက်၊ ကျေးရွာများတွင် ဆိုင်းဘုတ်တင်ခြင်းကို ခွင့်မပြုကြောင်း သက်ဆိုင်ရာပါတီသို့ သတိပေးပြောကြားသွားရန် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ၂၀-၅-၂၀၁၅ ရက်နေ့မှာ အကြောင်းကြားစာ ပေးပို့ထားခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်ကိုသာသုံးစွဲ၍ ဆိုင်းဘုတ်တင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသော ပါတီ

၏ အမည်နဲ့ ဆိုင်းဘုတ်တင်ခွင့် မရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မီးသတ်ဦးစီးဌာနတွင် မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ မြို့နယ်အဆင့်အလိုက် ချထားပေးမှုအပေါ် ၎င်းမော်တော်ယာဉ်များနှင့်အတူ ကျွမ်းကျင်သော ယာဉ်မောင်းဝန်ထမ်းများပါ တစ်ပါတည်းခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက် က ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မီးသတ်ဦးစီးဌာနတွင် မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ မြို့နယ်အဆင့်အလိုက် ချထားပေးမှုအပေါ် ၎င်းမော်တော်ယာဉ်များနှင့်အတူ ကျွမ်းကျင်သော ယာဉ်မောင်းဝန်ထမ်းများပါ တစ်ပါတည်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော် ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ဒီ ဝန်ထမ်းတွေ တစ်ပါတည်း ခန့်ထားပေးဖို့နဲ့ ဒီ မော်တော်ယာဉ်အသစ်တွေကို ကာလတာရှည် အသုံးပြုနိုင်ဖို့ ရည်ရွယ်ပြီး မေးရတဲ့ မေးခွန်းဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မီးသတ်ဦးစီးဌာနဟာ မြို့နယ်အဆင့်အလိုက် မီးသတ်ယာဉ်များ ရေသယ်ယာဉ်များကို ချထားပေးမှုအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တောင်းဆိုချက် မြို့နယ်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့အတွက် အထူးပဲ ကျေးဇူးလည်း တင်ပါတယ်။ ဝမ်းလည်း သာပါတယ်။ ဒါပေမဲ့ ခုနလိုပေါ့ မီးသတ်ယာဉ်တော့ ချပေးလိုက်တယ်။ မီးသတ်ယာဉ်တွေကို မောင်းနိုင်မယ့် ယာဉ်မောင်းတွေ ပါမလာတဲ့အတွက်ကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ဝန်ကြီးဌာနက မီးသတ်ယာဉ်အသစ် ကျွန်တော့်အနေနဲ့ တင်ပြရရင် နမူနာအားဖြင့် ကျွန်တော်တို့ မြို့နယ်မှာ ဝန်ကြီးဌာနကနေ မီးသတ်ယာဉ်အသစ် ထုတ်မယ်ပေါ့ဆိုပြီး အကြောင်းကြားလာတဲ့အခါမှာ မီးသတ်တာဝန်ခံက ကျွန်တော်တို့ မြို့နယ်အုပ်ချုပ်ရေးလိုင်း၊ နောက် ကျွန်တော် မော်တော်ယာဉ်အသင်းကို အကြောင်းကြားပါတယ်။ အဲဒီမှာလည်းအခုလိုပဲ ကျွန်တော် အဝေးရောက်နေတဲ့ အချိန်မှာတော့ ကျွန်တော့် မော်တော်ယာဉ် အသင်းကပဲ ကျွန်တော်ဆက်အကြောင်းကြားတယ်။ ဥက္ကဋ္ဌရေ မီးသတ်ကား အသစ်တော့ ရပြီ၊ ကျွန်တော်တို့ ဘယ်လိုဆက်လက် ဆောင်ရွက်ရမလဲ၊ အဲဒီလိုဆိုရင် မီးသတ်က တရားဝင် ဒရိုင်ဘာ တစ်ယောက်၊ နောက် အကူမီးသတ်ဝန်ထမ်းတစ်ဦး၊ နောက် ကျွန်တော့်မြို့နယ်မော်တော်ယာဉ် အသင်းကနေပြီး ကျွမ်းကျင်တဲ့ မော်တော်ယာဉ် အသင်းဝင် ကားမောင်းအုံနာလည်းဖြစ်တယ်။ စက်ပစ္စည်းလည်း နားလည်တယ်။ ကားအုံနာတစ်ဦးပါထည့်ပေး၊ နောက်လိုအပ်တဲ့ စရိတ်စခပါ ထုတ်ပေးလိုက်ဆိုပြီး ကျွန်တော် အဲဒီလိုပဲ လမ်းညွှန်ပါတယ်။

အဲဒါနဲ့ ကားလည်း သွားရောက်ထုတ်ယူပြီး ရောက်လာတဲ့ အချိန်မှာလည်းပဲ ဒီ ကားတွေကို ရေရှည်အသုံးပြုနိုင်ဖို့ဆိုပြီး ကျွန်တော် ကားတစ်စီးလုံးကို Tuning လုပ်ပါတယ်။ ကားတွေ အသစ် ရောက်လာတိုင်း၊ ရောက်လာတိုင်း လုပ်ပါတယ်။ ကားတစ်စီးကို ကျွန်တော့်အနေနဲ့ ဒါဟာ ကျွန်တော့်ရဲ့ သီးခြား ရန်ပုံငွေထဲကနေပြီး ကျွန်တော်(၂)သိန်းလောက် ကုန်ပါတယ်၊ ကားတစ်စီးကို ကုန်လို့ပြောပြ တာ မဟုတ်ပါဘူး။ ကားတွေ ရေရှည်အသုံးပြုနိုင်ဖို့ပါ။ အဲဒီတော့ ကားသစ်ရောက်လာရင် ကျွန်တော် က အင်ဂျင်ဝိုင်တွေ ဖောက်လဲတယ်။ ကရောင်းဆိုလည်း ကရောင်းဝိုင်၊ ဂီယာဝိုင်တွေ လိုအပ်ရင် ဖြည့် တယ်။ နောက်ပြီးတော့ ကားနဲ့ ပတ်သက်တဲ့ အောက်ပိုင်းပေါ့၊ ကျွန်တော်တို့ ဘီးတွေဖြုတ်တယ်။ ဟတ် ဘောတွေကို အမဲဆီဖြည့်တယ်။ ဂျိုင်းတွေကအစ အမဲဆီထိုးတယ်။ နောက်ပြီးတော့ တချို့ကားတွေ ဆိုရင် ကားအသစ်သာဖြစ်တယ်။ တရုတ်ကလာတဲ့ ကားတွေဖြစ်တော့ ကားအသစ်သာဖြစ်တယ်။ တချို့ ဟတ်ဘောတွေဆိုရင် ဆီတောင်မပါဘူး။ ပါရုံလောက်ကလေးပဲ ပါတာ၊ အမဲဆီ။ အဲဒီတော့ ကျွန်တော့် အနေနဲ့က ခုန ဒီ Wiring ပိုင်းဆိုင်ရာကိုလည်းပဲ တစ်စီးလုံးမှ သူက ရှေ့နောက်ကို တစ်တွဲတည်း Wiring လုပ်ထားတဲ့ အတွက် Wire Shock  မဖြစ်ဖို့အတွက်ကို ကျွန်တော့်အနေနဲ့ ကြားခံပြီးတော့ မိန်းကတ်တောက်တွေ ထိုင်ပေးတယ်။

အဲဒီတော့ ကျွန်တော်ကတော့ ဒီမေးခွန်းမေးရတဲ့ ရည်ရွယ်ချက်က ဒီ ကားတွေ ရေရှည်ခံနိုင် ဖို့ရယ်၊ နောက်ပြီးတော့ ကျွန်တော်တို့မှာ ကားတွေတော့ များပါတယ်။ ကျေးဇူးလည်း တင်တယ်။ ဒါပေမဲ့ ဒရိုင်ဘာတွေ နည်းတယ်။ တကယ်လို့ အရေးအကြောင်းများ ဖြစ်လာခဲ့ရင် ဒီ မီးသတ်ကား ဆိုတာ တစ်ခါတလေမှ ထုတ်မောင်းရတဲ့ ကားပါ။ အရေးအကြောင်းဖြစ်တဲ့အချိန်၊ ပြီးတော့ သူများ ကားနည်းတူ ဖြည်းဖြည်းမောင်းလို့ရတဲ့ ကားလည်းမဟုတ်ပါဘူး။ ဒါ ဖြစ်တဲ့ နေရာကို အမြန်ဆုံးရောက် အောင် သွားရတဲ့ ကားတွေပါ။ လက်ဦးမှုရအောင်အတွက်ကို သွားရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေကို တင်ပြနေရတာလည်း ကျွန်တော်ကိုယ်တိုင်ပဲ ဒါမြို့နယ်မှာ ကျွန်တော့် ကိုယ်ထူကိုယ်ထ မီးသတ်ဆိုပြီး ကျွန်တော်ကိုယ်တိုင် ခေါင်းဆောင်ပြီး၊ ဥက္ကဋ္ဌလုပ်ပြီး တည်ထောင်ခဲ့ပါတယ်။ ဒါကိုလည်း ပဲ ကျွန်တော်ရှေ့မှာ ထိုင်နေတဲ့ ကျွန်တော်တို့ အရင်တုန်းကတော့ မီးသတ်ညွှန်ချုပ်ပေါ့၊ အစ်ကိုကြီး ဦးမြင့်ထွန်း အသိဆုံးဖြစ်ပါတယ်။ (၁၀)ဘီး မီးသတ်ကားကို ရေဂါလံ (၄၀၀၀)ဆံ့ပါတဲ့ နစ်ဆန်း LC (၁၀)ဘီး မီးသတ်ကားကို ကိုယ်တိုင်တည်ထောင်ထားပါတယ်။ ဒါတွေကလည်း ကျွန်တော့် အများပြည်သူရဲ့ ထည့်ဝင် လှူဒါန်းငွေနဲ့ ကျွန်တော်တည်ထောင်ထားတာပါ။

ဒါကြောင့်မို့လို့ မီးသတ်ကားကောင်းတယ်။ ဒရိုင်ဘာကောင်းတယ်ဟော့ဆိုရင် ဘာပဲပြောပြော အကယ်လို့ အရေးအကြောင်းဖြစ်လာလို့ ပြဿနာဖြစ်တဲ့နေရာကို ရောက်သွားခဲ့ရင် ဒါ ကျွန်တော်တို့က ရေများရေနိုင်၊ မီးများမီးနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဒီ (၁၀)ဘီးကားနဲ့ ပတ်သက်ပြီး အစ်ကိုကြီး ဦးမြင့်ထွန်း အသိဆုံးပါ။ ၂၀၁၀ တုန်းက ကြို့ပင်ကောက် ဈေးမီးလောင်တယ်။ ကျွန်တော့် မဲဆန္ဒနယ်ပဲ။ ကျွန်တော်ချက်ချင်း ကိုယ်တိုင်မောင်းပြီး ထွက်သွားတယ်။ ဟိုဘက်မြို့ကလည်း လှမ်းပြီး အကူအညီတောင်းတော့ လိုက်သွားတယ်။ ဟိုလည်းရောက်ရော ရှေ့ကနေ ဖိုက်တာ(၂)စီး ပက်နေတယ်။ ကျွန်တော် ပက်စရာတောင်မလိုဘူး။ အဲဒီကား(၂)စီးကို နောက်ကနေ ရေပံ့ပိုးပေးတယ်။ မီးလည်း နိုင်ခဲ့ပါတယ်။

နောက်တစ်ခါ ဇီးကုန်းမှာလည်းပဲ ဧရာရွှေဝါဆီဆိုင် မီးလောင်တယ်။ မီးလောင်တော့ လည်းပဲ အဲဒါပဲ ကျွန်တော်က အဲဒီ Over Tank ကြီးကို (၁၀)ဘီးကားနဲ့ပဲ ပက်ပေးတယ်။ ကျန်တဲ့အပိုင်းတော့ ကျန်တဲ့ ဖိုက်တာတွေ ပက်ပေါ့။ အဲဒီမှာလည်း ကျွန်တော်နိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ပြောရတဲ့ ရည်ရွယ်ချက်က ကားလည်း ကောင်းတယ်။ ဒရိုင်ဘာတွေလည်း ကျွမ်းကျွမ်းကျင်ကျင်ရှိတယ်ပေ့ဆိုရင် အရေးပေါ်လာတဲ့အခါမှာ အမြန်ဆုံး အဲဒီအရေးပေါ်တဲ့နေရာကို ရောက်အောင် မောင်းရတဲ့အတွက်ကို ဒရိုင်ဘာတွေ လိုပါတယ်။ ကျွန်တော်တင်ပြနေရခြင်းဟာလည်း အကယ်လို့များ ကျွန်တော်ကတော့ ခုန ကျွန်တော့်ရဲ့ မော်တော်ယာဉ်အသင်းက ကျွမ်းကျင်တဲ့ သူတွေကို တစ်ခုခုဖြစ်ခဲ့လို့ရှိရင် ထည့်တော့ ပေး လိုက်ချင်တယ်။ ဒါပေမဲ့ အဲဒီမှာ ကားက မမျှော်မှန်းနိုင်တဲ့ Accident များ ဖြစ်သွားခဲ့ရင် ဘယ်သူ တာဝန်ယူမလဲ။ အဲဒါကျတော့ ကျွန်တော့်အသင်းသားတွေက မေးလာပြီ၊ မေးလာတော့ ကျွန်တော်က လည်း ဟိုပြီးခဲ့တဲ့ မကြာသေးခင်က သတင်းတစ်ခု ကြားလိုက်ပါတယ်။ သာရေးနာရေးအသင်းကားက Accident ဖြစ်တယ်။ ဒါက အများကလှူထားတဲ့ကားပါ။ ပြီးတော့ မောင်းတဲ့သူကလည်း စေတနာ ဝန်ထမ်း၊ ဒါတွေကျတော့ ရှင်းလို့လွယ်တယ်။ ခုဟာကျတော့ ဌာနဆိုင်ရာကားဖြစ်နေတယ်။ ဌာနဆိုင်ရာကား ဖြစ်နေတော့ တကယ်တော့ မောင်းခိုင်းလိုက်ပါတယ်။ တစ်ခုခုများ ဖြစ်သွားခဲ့ရင် အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တရားဝင် ကျွန်တော်တို့သင်တန်းဆင်းတွေ၊ မီးသတ်ဝန်ထမ်းပေါ့၊ တရားဝင်သင်တန်းဆင်း ယာဉ်မောင်းတွေကို လိုချင်ပါတယ်။ အဲဒါကြောင့် အမြန်ဆုံး ခန့်ထားပေးနိုင်ဖို့အတွက်ကို ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဗိုလ်မှူးချုပ် ကျော်ဇံမြင့် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဇော် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းကို မဖြေ ကြားခင် လွှတ်တော်ကိုယ်စားလှယ်ကြီးကို အထူးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဘာကြောင့် လဲဆို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ မီးသတ်ဦးစီးဌာနရဲ့ လုပ်ငန်းဆောင်တာများ ကို ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့သော် လည်းကောင်း၊ ကျွန်တော်တို့ ပြည်သူတစ်ယောက် အနေနဲ့သော်လည်းကောင်း တတ်နိုင်သမျှ ကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ပြည်ထဲရေးအောက်မှာရှိတဲ့ မီးသတ်ဦးစီးဌာနဟာ သူရဲ့ ရည်မှန်းချက်တာဝန်များဖြစ်တဲ့ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက် တာဝန်ကြီး (၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ကျွန်တော်တို့ ဦးစီးအရာရှိ ဦးစီးအင်အား(၉)ဦးပါတဲ့ မြို့နယ်မီးသတ်ဦးစီးရုံး (၃၃၀)ရုံးကိုလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ အလားတူ ဒုတိယမီးသတ် ဦးစီးမှူး ဦးစီးအင်အား(၂၈)ဦး၊ မီးသတ်ယာဉ် (၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ် (၁)စီး စုစုပေါင်းမီးသတ်ယာဉ်(၄)စီးပါတဲ့ မြို့နယ်မီးသတ်စခန်း(၃၃၀) စခန်းကိုလည်း ဖွင့်လှစ်ခွင့်ရရှိပြီးဖြစ်သလို ယခုအချိန်မှာလည်း ဒီ မီးသတ်စခန်း(၃၃၀)စလုံး ဖွင့်လှစ်ပြီးတော့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒါ့အပြင် လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးအင်အား(၉)ဦး၊ မီးသတ်ယာဉ်(၁)စီး၊ မီးသတ် ရေသယ်ယာဉ်(၁)စီး စုစုပေါင်း မီးသတ်ယာဉ်(၂)စီးပါဝင်တဲ့ နယ်မြေ မီးသတ်စခန်း(၄၂၈)စခန်းကိုလည်း ဖွင့်လှစ်ဖို့ ခွင့်ပြုချက်ရရှိပြီးဖြစ်သလို ယခုအခါမှာ ကျွန်တော်တို့ (၂၄၆)စခန်းဖွင့်လှစ်ပြီးတော့ လုပ်ငန်းဆောင်တာ များ ဆောင်ရွက်လျက်ရှိပြီး ဖွင့်လှစ်ရန်ကျန်ရှိတဲ့ မီးသတ်စခန်း(၁၈၂)စခန်းကိုလည်း ဖွင့်လှစ်နိုင်ရေး အတွက်ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မီးသတ်စခန်းများနှင့် နယ်မြေမီးသတ် စခန်းများမှာ လက်ရှိမီးငြှိမ်းသတ်ယာဉ်(၁၁၀၉)စီး၊ မီးသတ်ရေသယ်ယာဉ်(၇၉၄)စီး၊ မီးသတ်စက်ယာဉ် (၃၂၅)စီး၊ မီးသတ် အထောက်အကူပြုယာဉ်(၇၅)စီး စုစုပေါင်းမီးသတ်ယာဉ်(၂၃၀၃)စီးရှိပါတယ်။

ဒါ့အပြင် အရန်မီးသတ်စခန်းများမှာ မီးငြှိမ်းသတ်ယာဉ်(၉၅)စီး၊ မီးသတ်ရေသယ်ယာဉ်(၁၄၄) စီး၊ မီးသတ်စက်ယာဉ်( ၅၉)စီး၊ မီးသတ်အထောက်အကူပြုယာဉ်(၂)စီး စုစုပေါင်း မီးသတ်ယာဉ် (၃၀၀)စီး ရှိပါတယ်။ ဒါကြောင့်မို့ မြို့နယ်မီးသတ်စခန်း၊ နယ်မြေမီးသတ်စခန်းနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ယာဉ်စုစုပေါင်းဟာ (၂၆၀၃)စီးရှိပါတယ်။ တိုးချဲ့ဖွဲ့စည်းပေးလိုက်တဲ့ ဖွဲ့စည်းပုံပါ ခွင့်ပြုချက်အရ တပ်ဖွဲ့ဝင် အင်အားဖြည့်ဆည်းခြင်း၊ မီးသတ်စခန်းနဲ့ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ပေးခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ ခွင့်ပြုဘဏ္ဍာငွေ၊ ရန်ပုံငွေများဖြင့်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖွဲ့စည်းပုံခွင့်ပြုချက်အရ မြို့နယ်မီးသတ်စခန်းတစ်ခုမှာ မီးသတ်ယာဉ် (၄)စီးရှိတဲ့အတွက် ယာဉ်မောင်း(၄)ဦးနဲ့ နယ်မြေမီးသတ်စခန်းတစ်ခုမှာ မီးသတ်ယာဉ်(၂)စီးပါဝင်တဲ့ အတွက် ယာဉ်မောင်း (၂)ဦးကို ခန့်အပ်တာဝန်ပေးအပ်မှာဖြစ်ပါတယ်။ မီးသတ်စခန်းများမှာရှိတဲ့ မီးသတ်ယာဉ်များမှာ ကျွမ်းကျင်တဲ့ယာဉ်မောင်းများရရှိစေရေးနဲ့ ခေတ်မှီမီးသတ်ယာဉ်များ ကျွမ်းကျင်စွာ မောင်းနှင်စေရေးအတွက်ကို ယာဉ်မောင်းသင်တန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့် ရေးဌာနစုနဲ့ ဗဟိုမီးသတ်သင်တန်းကျောင်း ပြင်ဦးလွင်တို့မှာ ဖွင့်လှစ်ပြီးတော့ သင်ကြားပေးလျက် ရှိပါ တယ်။ အလားတူ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အမှတ်(၁)နဲ့ အမှတ်(၂)တပ်မတော် ထောက်ပံ့ရေးနဲ့ ပို့ဆောင်ရေးသင်တန်းကျောင်းများသို့လည်း တက်ရောက် သင်ကြားစေလျက်ရှိပါတယ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးဌာနစု ဗဟိုမီးသတ်သင်တန်းကျောင်း ပြင်ဦးလွင်နဲ့ အမှတ်(၁)၊ အမှတ်(၂)တပ်မတော်ထောက်ပံ့ရေးနဲ့ ပို့ဆောင်ရေးသင်တန်းကျောင်းများမှာ ၂၀၀၀ ခုနှစ်ကနေပြီး ၂၀၁၅ ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ ယာဉ်မောင်းသင်တန်း စုစုပေါင်း(၅၄)ကြိမ် ဖွင့်လှစ်ခဲ့ပြီးတော့ သင်တန်းသား(၂၁၀၉)ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်အတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မီးသတ်တပ်ဖွဲ့ဝင်များအား ခေတ်မီမီးသတ်ယာဥ်များ ကျွမ်းကျင်စွာမောင်းနှင်ရေးအတွက်ကို တိုင်းဒေသကြီး အစိုးရအစီအစဥ်နဲ့ ရွှေဘိုမြို့ ကုန်းလမ်းပို့ဆောင်ရေးဌာန ကုန်စည်ပို့ဆောင်ရေးဌာနခွဲမှာ အခြေခံယာဥ်မောင်းနှင့် ထိန်းသိမ်းမှုသင်တန်းကို (၁)ကြိမ်လျှင်(၅၀)ဦးနဲ့(၃)ကြိမ်၊ စုစုပေါင်း သင်တန်းသား (၁၅၀)ဦးအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီ ဖြစ်တဲ့အတွက် စုစုပေါင်းယာဥ်မောင်း သင်တန်းသား(၂၂၅၉) ဦးကို သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် လေ့ကျင့်ရေးဌာနစု၌ ၂၇-၄-၂၀၁၅ မှာ စတင်ပြီးတော့ သင်တန်းသား (၅၀)ဦးနဲ့ ရက်သတ္တပတ်(၈)ပတ်ကြာ သင်တန်းဖွင့်လှစ်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အလားတူ သင်တန်း စုစုပေါင်း(၆)ကြိမ်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် သင်တန်းသား (၃၀၀)ဦးကို သင်တန်းပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဗဟိုမီးသတ်သင်တန်းကျောင်း ပြင်ဦးလွင်၌ ၁၈-၅-၂၀၁၅ ရက်နေ့မှာ စတင်ပြီးတော့ သင်တန်းသား(၅၀)ဦးနဲ့ ရက်သတ္တပတ်(၈)ပတ်သင်တန်းဖွင့်လှစ်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အလားတူသင်တန်း(၆)ကြိမ် ဖွင့်လှစ်ပြီးတော့ စုစုပေါင်းသင်တန်းသား(၂၀၀)ဦးကို သင်တန်းပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ သင်တန်းကျောင်း(၂)ကျောင်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ သင်တန်း (၁၀)ကြိမ်ဖွင့်လှစ်ပြီးတော့ စုစုပေါင်းသင်တန်းသား(၅၀၀)ဦးကို ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်မှာ ယာဥ်မောင်းသင်တန်းဆင်း(၂၇၅၉)ဦး ရှိလာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မီးသတ်ယာဥ်များကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် ဖြည့်ဆည်းပေးလျက်ရှိရာ အဆိုပါမီးသတ်ယာဥ်များကို ကျွမ်းကျင်စွာမောင်းနှင်ရေးအတွက်ကိုလည်း သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီတဲ့ မီးသတ်ယာဥ်မောင်းသင်တန်းသားများကို မြို့နယ်အလိုက် ယာဥ်မောင်းလိုအပ်ချက်အပေါ် မူတည်ပြီးတော့ ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပါတယ်။ အလားတူ မီးသတ်တပ်သားသစ်ခန့်ထားရာမှာလည်း ယာဥ်မောင်း ကျွမ်းကျင်သူများကိုသာ ဦးစားပေးခန့်ထားပေးလျက်ရှိပါတယ်။ နောင်တွင်လည်း ကျွမ်းကျင်တဲ့ ယာဥ်မောင်းများဖြစ်ပေါ်စေရေးအတွက်ကို မီးသတ်ဦးစီးဌာနအနေနဲ့ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**တိုက်ကြီးမြို့နယ်၊ အလဘုတ်ကျေးရွာအုပ်စု ဓမ္မိတ်ကျေးရွာကိုဖြတ်၍ ရေတွင်းဖြူ-တော်ခရမ်း-အဖျောက်သို့ ဖောက်လုပ်ထားသည့် မြေသားလမ်းနှင့် အထက်ဆည်ရိုးချောင်း ဖြတ်ကူးတံတားတစ်စင်းတို့ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က တိုက်ကြီးမြို့နယ်၊ အလဘုတ်ကျေးရွာအုပ်စု ဓမ္မိတ်ကျေးရွာကိုဖြတ်၍ ရေတွင်းဖြူ - တော်ခရမ်း-အဖျောက်သို့ဖောက်လုပ်ထားသည့် မြေသားလမ်းနှင့်အထက်ဆည်ရိုးချောင်း ဖြတ်ကူးတံတားတစ်စင်းတို့ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဥ်ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ကြီးမြို့နယ်၊ အလဘုတ်ကျေးရွာအုပ်စု ခမ္မိတ်ကျေးရွာကိုဖြတ်ပြီး ရေတွင်းဖြူ-တော်ခရမ်း - အဖျောက်သို့ ဖောက်လုပ်ထားသည့် မြေသားလမ်း နှင့် အထက်ဆည်ရိုးချောင်း ဖြတ်ကူးတံတားတစ်စင်းတို့ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အလဘုတ်ကျေးရွာအုပ်စုသည် ယခုအခါ ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာအုပ်စုများနှင့် ချိတ်ဆက်သည့် လမ်းတံတားများ ချို့တဲ့အားနည်းနေပါသဖြင့် တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးစီမံချက် ဦးစားပေးအဆင့်တွင် ထည့်သွင်းစီမံထားနိုင်ရေးအတွက် တင်ပြအပ်ပါတယ်။ အလဘုတ်ကျေးရွာအုပ်စုသည် ရွာခွဲ(၄)ရွာ၊ အိမ်ခြေ(၇၇၃)အိမ်၊ လူဦးရေကျား/မပေါင်း(၂၉၆၇)၊ ကွင်းပေါင်း(၇)ကွင်း၊ လယ်စိုက်ဧက (၁၉၈၃)ဧက၊ ဥယာဉ်ခြံမြေ(၅၈)ဧက၊ ပေါင်း (၂၀၄၁)ဧကနှင့် လယ်မြေတာတမံ၊ ရေအောက်မြေ၊ အင်းအိုင်၊ ရွာမြေ၊ သာသနာ့မြေ၊ သုသာန်မြေပေါင်း(၃၆၄)ဧကပေါင်းလျှင် အုပ်စုပိုင်မြေ (၂၄၀၅)ဧက ကျယ်ဝန်းပါတယ်။ အလဘုတ်ကျေးရွာအုပ်စုသည် တောင်သူဦးရေ(၃၄၀)ဦးခန့်ရှိပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာကုန်ထုတ်၊ လမ်း၊ တံတားများ ချောမွေ့ရေးသည် ပဓာနကျလှပါတယ်။ မိမိတို့လုပ်ငန်းခွင်မှ လယ်ယာထွက်ကုန်များအချိန်မီ အမိုးအကာကိုရောက်ရှိရန် ဈေးကောင်းရရှိရန်မှာ အချိန်နဲ့တစ်ပြေးညီ ရွာခြေရောက်အောင် ပို့ဆောင်ရာတွင် လမ်းခရီးချောမွေ့ရန်အရေးကြီးလှပါတယ်။ ကျန်လူဦးရေမှာ လက်လုပ်လက်စားများ၊ လယ်ယာလုပ်သားများဖြစ်ကြ၍ စီးပွားရေးချို့တဲ့သူများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်ထူကိုယ်ထ လုပ်ကိုင်နိုင်မှု မရှိကြပါဘူး။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အလဘုတ်ကျေးရွာအုပ်စုပြ မြေပုံဖြစ်ပါတယ်။ ရွာသာလမ်းမကြီးမှ အလဘုတ်ကျေးရွာအုပ်စု၊ ခမ္မိတ်ကျေးရွာသို့ဖြတ်၍ ရေတွင်းဖြူ-တော်ခရမ်း-အဖျောက်သို့ဖောက်လုပ်ထားသော မြေသားလမ်းမသည် (၈)မိုင်(၇)ဖာလုံခန့်ရှည်လျားပြီး ခမ္မိတ် ကျေးရွာ(၂)မိုင်ခန့်တွင် အထက်ဆည်ရိုးချောင်းကို ဖြတ်၍ ဖောက်လုပ်ထားသော တံတားတစ်စင်း ရှိပါတယ်။ Next အဲဒီတံတားဟာ အလျားပေ(၁၀၀)၊ အကျယ်(၁၂)ပေ၊ အမြင့်(၉)ပေခန့် တည်ဆောက်ထားပါတယ်။ ၎င်းတံတားကို မူလအချိန်မှာ သစ်သားခင်း၊ သစ်သားတိုင်နှင့် ဆောက်လုပ်ထားသော်လည်း ပြည်ခိုင်ဖြိုးပါတီမှ ဦးဆောင်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အုတ်ရိုးသစ်သားအခင်းဖြင့် တည်ဆောက်ပြုပြင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်ထပ်မံပြုပြင်ခဲ့သော်လည်း မိုးလေဝသဒဏ်ကြောင့် ပြန်လည်ဆွေးမြည့်ပျက်စီးယိုယွင်းသွားခဲ့ပါတယ်။


အဆိုပါ(၂)မိုင်ခန့် မြေသားတံတားလမ်းမှာ မိုးအခါတွင် ရွှံ့နွံ့ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောကြောင့် လမ်းပေါ်တွင် အမှီပြုနေကြသော ရေတွင်းဖြူအုပ်စု(၁၀)ရွာမှ တောင်သူများ၊ အလဘုတ်ကျေးရွာအုပ်စုမှ တောင်သူများ အခက်ခဲများစွာ ရင်ဆိုင်နေကြရပါတယ်။ အဆိုပါ တံတားကောင်းမွန်မည်ဆိုပါက အိမ်ခြေ(၂၀၀၀)ခန့်၊ လူဦးရေ(၄၀၀၀)ကျော်၏ အကျိုးစီးပွား ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ Next ကလေးများပညာသင်ကြားရေးတွင်လည်း မူလတန်းအဆင့်တွင် ခမ္မိတ်ကျေးရွာ၊ အထက်တန်းအဆင့်တွင် တော်လတီစံပြကျေးရွာများသို့ သွားရောက် ပညာရှာမှီးကြရသော ကျောင်းသူကျောင်းသားများမှာ လမ်းပေါ်တွင် အချိန်ကုန်၍ တံတားပေါ်တွင် အန္တရာယ်မကင်းဖြစ်နေကြရပါတယ်။ တောင်သူများမှာလည်း သီးနှံပေါ်ချိန်တွင် လှည်းလမ်းမပေါက်သဖြင့် လူအင်အားဖြင့် ရွာခြေရောက်အောင် သယ်ယူရောင်းချရသဖြင့် ရွာပေါ်၊ ဈေးအောက် စပါးတင်း(၁၀၀)လျှင် ငွေ(၁၅၀၀၀)ကျပ်မှ (၂၀၀၀၀)ကျပ်အထိ နစ်နာခဲ့ကြရပါတယ်။

ကျန်းမာရေးတွင်လည်း တောင်သူများ ပိုးမွှားအန္တရာယ်နှင့်အရေးပေါ်ကုသရန်လိုအပ်သည့်အခါများတွင် လမ်းပန်းဆက်သွယ်ရေးကြောင့် လူအင်အား(၄)ယောက်မှ (၆)ယောက်အထိ ထမ်းယူရသဖြင့် လမ်းခရီးတွင် နှောင့်နှေးကာ ဆေးရုံ၊ ဆေးခန်းသို့ အချိန်မီမကုသနိုင်၍ အသက်ဆုံးရှုံးခဲ့ကြရပါတယ်။ သို့ပါ၍ ကျေးရွာအုပ်စု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများအားအားထားရဆုံး ပင်မကျောရိုးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့ရေးမှာ ယခုအခါ အလွန်လိုအပ်လျက်ရှိတဲ့အလျောက် အလဘုတ်ကျေးရွာအုပ်စုအနေဖြင့် အထက်တင်ပြပါမြေသားလမ်း (၈)မိုင်(၇)ဖာလုံနှင့် အလျား(၁၀၀)ပေ၊ အကျယ်(၁၂)ပေ၊ အမြင့်(၉)ပေရှိ တံတားအား ပြန်လည်ပြုပြင်ဆောက်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ဒေသခံရွာသူ၊ ရွာသားများ၏ ကိုယ်စား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


အထက်ဆည်ရိုးချောင်းတံတား ပျက်စီးနေပုံ (၀၀)



အထက်ဆည်ရိုးချောင်းတံတား ကြမ်းခင်းများ ပျက်စီးနေပုံ (ဗဗ-၁)




အထက်ဆည်ရိုးတံတား အောက်ခြေတိုင်များ ပျက်စီးနေပုံ (ဗဗ-၂)



**အချိန်၊ ၁၀း၃၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနှင့်ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးတင်ထွေး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးတင်ထွေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီးတော့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေဖို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ထွေးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ပြီးတော့တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆွေအောင် မှ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာကို ကွင်းဆင်း စစ်ဆေးပြီး မေးမြန်းသည့်အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ပါကြောင်း ဦးစွာပထမ တင်ပြလိုပါတယ် ခင်ဗျာ။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် တော်လတီ-ရွာသာ ရွာလမ်းမကြီးမှ ခမ္မိတ် ကျေးရွာကို ဖြတ်ပြီးတော့ ရေတွင်းဖြူ-တော်ခရမ်း-အဖျောက်လမ်းကို ဆက်သွယ်ထားတဲ့ လမ်းဟာ အရှည် အားဖြင့် (၈)မိုင် နဲ့ (၇)ဖာလုံရှိပါတယ်။ မြေသားလမ်းဖြစ်ပြီးတော့ ၎င်းအပေါ်မှ အထက်ဆည်ရိုးတံတားဟာ ပေ(၁၀၀)ခန့်ရှိတဲ့ သစ်သားတံတား ဖြစ်ပါတယ်။ အဆိုပါလမ်းနှင့် တံတားကို ပြုပြင်မယ်ဆိုလို့ရှိရင် မြေသား(၈)မိုင်နဲ့ (၇)ဖာလုံအတွက် (၁၄၈.၅၆၇)သန်း၊ သစ်သားတံတားတစ်စင်းအတွက် သန်း(၆၀)ခန့် စုစုပေါင်း (၂၀၈.၅၆)သန်းကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ သက်ဆိုင်ရာကျေးရွာများနဲ့ ပြည်သူများလည်း အကျိုးရှိမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေဟာ (၃၉၉၃.၄)သန်းဖြစ်ပါတယ်။ ကွန်ကရစ်လမ်း(၁၈)မိုင်(၇)ဖာလုံ၊ ကျောက်ချောလမ်း(၇)မိုင်နဲ့ (၁)ဖာလုံ၊ မြေသားလမ်း(၂၄)မိုင်(၃)ဖာလုံ၊ ကွန်ကရစ်တံတား(၁၃၀)ပေနဲ့ သစ်သားတံတား(၈၀၈)ပေ၊ Box Culvert (၁၈၅)ပေတို့ ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါတယ်ခင်ဗျာ။

တိုက်ကြီးမြို့နယ်အတွင်းမှာ မွေးမြူရေးရေလုပ်ငန်းနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ(၃၄၂.၄၃)သန်းဖြင့် ကွန်ကရစ်လမ်း(၂)မိုင်၊ မြေသားလမ်း(၂)မိုင်နဲ့ ကွန်ကရစ်တံတား(၈၀)တို့ကို ဆောင်ရွက်ရန်အတွက် ခွင့်ပြုထားပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ တိုက်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ အလဘုတ်ကျေးရွာအုပ်စု၊ တော်လတီ-ရွာသာကြီးလမ်းမကြီးမှာ ရေတွင်းဖြူ-တော်ခရမ်း-အဖျောက်လမ်းသို့ ဆက်သွယ်ထားသော လမ်းနှင့် တံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ခွင့်ပြုထားခြင်းမရှိပါဘူးခင်ဗျား။ လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းလည်း မရှိသေး

ပါကြောင်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း မှတ်သားပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်း စီမံကိန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်း က ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်းစီမံကိန်းများနဲ့ စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မေးမြန်းမယ့် မေးခွန်းကတော့ ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်း စီမံကိန်းနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစီမံကိန်းဟာ အိန္ဒိယအစိုးနဲ့ မြန်မာအစိုးရတို့ရဲ့ နှစ်နိုင်ငံ အကျိုးတူ စာချုပ်အရ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ စီမံကိန်းဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ အရှေ့ဘက် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တဲ့ ကလ္လကတ္တားမြို့နဲ့ အိန္ဒိယအရှေ့မြောက်ဘက် ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်တဲ့ မိဇိုရမ်ပြည်နယ်ကို ဆက်သွယ်ပေးမယ့် ကုန်းကြောင်း၊ ရေကြောင်း ဘက်စုံသုံး ပို့ဆောင်ရေးလမ်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစီမံကိန်းဟာ ကလ္လကတ္တားမြို့ကနေ ရခိုင်ပြည်နယ် စစ်တွေမြို့ ရေနက်ဆိပ်ကမ်းအထိ သင်္ဘောဖြင့်လည်းကောင်း၊ ထိုမှတစ်ဆင့် ကုလားတန်မြစ်ကြောင်း အတိုင်း ချင်းပြည်နယ်၊ ပလက်ဝမြို့အထိ ရေကြောင်းလမ်းသင်္ဘောဖြင့်လည်းကောင်း၊ ပလက်ဝ သင်္ဘောဆိပ်ကြားစခန်းကတစ်ဆင့် အဝေးပြေးကားလမ်းအထိ မိဇိုရမ်ပြည်နယ်ကို ဆက်သွယ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယအစိုးရအနေဖြင့် ဒီလမ်းကြောင်းကို အသုံးပြုခြင်းကြောင့် မြို့တော် နယူးဒေလီနဲ့ မိဇိုရမ်ပြည်နယ်ကိုဆက်သွယ်ပို့ဆောင်ရာမှာ ခရီးမိုင် ပေါင်းများစွာ တိုကျုံ့သွားစေမှာဖြစ်ပါတယ်။ မိဇိုရမ်ပြည်နယ်ကတစ်ဆင့် ချင်းပြည်နယ်၊ ပလက်ဝမြို့ အနေနဲ့ ရခိုင်ပြည်နယ်ကို ဖြတ်သန်းပြီး မြန်မာပြည်မသို့ အာရှလမ်းမကြီးနှင့် ဆက်သွယ်ရန် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဒီစီမံကိန်းကြောင့် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံး ပြည်နယ်(၂)ခု ဖြစ်တဲ့ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်ကို ဖြတ်သန်းရမှာဖြစ်လို့ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး အဆင်ပြေမှာဖြစ်တဲ့အတွက် ဒေသခံပြည်သူများကကြိုဆိုလျက်ရှိပါတယ်။ သို့သော်လည်းပဲ ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူများအကြား အမြင်မရှင်းလင်းမှုများ၊ စိုးရိမ်ပူပန်မှုများ၊ သိရှိလိုတဲ့

အချက်အလက်များ ရှိနေကြကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ ကိုယ်စား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။

(၁)ဒီစီမံကိန်းနဲ့ပတ်သက်၍ ကျောက်တော်-ပလက်ဝ-ကုလားတန်မြစ်အတွင်း မြစ်ကြောင်းလမ်းတူးဖော်မယ့်အစီအစဉ်၊ ပလက်ဝ - မြိတ်ဝ အဝေးပြေးကားလမ်းဖောက်လုပ်မယ့် အစီအစဉ်နဲ့ ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကြိုတင်လေ့လာဆန်းစစ်ချက် (EIA)လုပ်ဆောင်ခြင်းရှိပါသလား။ အကယ်၍ မရှိပါက လုပ်ဆောင်ရန် အစီအစဉ်ရှိပါသလား။ လုပ်ဆောင်မည်ဆိုပါက မည်သည့်အချိန်တွင်လုပ်ဆောင်မည်နည်း၊ မည်သူတွေက လုပ်ဆောင်မည်ကို ဒေသခံပြည်သူများက သိရှိလိုကြပါတယ် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။

(၂)ဎင်းစီမံကိန်းနဲ့ပတ်သက်၍ ပလက်ဝဆိပ်ကမ်းကပ်မည့် နယ်စပ်ရွာဖြစ်တဲ့ မြိတ်ဝရွာအကြား အဝေးပြေးကားလမ်းဖောက်လုပ်ရာမှာ လမ်းကြောင်း အတိအကျ အဆိုပြု ရွေးချယ်ထားပြီး ရှိ/မရှိနဲ့ အကယ်၍ ရွေးချယ်ထားပြီး ဖြစ်သော်လည်း လမ်းကြောင်း အတိအကျကို ဒေသခံပြည်သူများအား အသိပေးရန်အစီအစဉ်ရှိ/မရှိနဲ့ (၃)အဓိက အရေးတကြီးသိရှိလိုသည်မှာ ပလက်ဝသင်္ဘောဆိပ်နဲ့ ဒလက်မြောင်းထဲရှိ အိုရင်ဝရွာအကြား (၁၈)မိုင်ခန့် လမ်းကြောင်း အမှန်ကို သိရှိနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟံစိန် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပြီးတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့ယိန်း ရဲ့ ဒီကွျန်တော်တို့ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းကို ၂၀၀၈ ခုနှစ်၊ ဧပြီလ(၂)ရက်နေ့မှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံတော်အစိုးရတို့အကြားမှာ မြန်မာနိုင်ငံစစ်တွေဆိပ်ကမ်းနဲ့ အိန္ဒိယနိုင်ငံ မိဇိုရမ်ပြည်နယ်သို့ဆက်သွယ်သော ကုလားတန်မြစ်ကြောင်းဘက်စုံသုံး နယ်မြေဖြတ်သန်း သယ်ယူပို့ဆောင်ရေးအထောက်အကူလုပ်ငန်းများရဲ့ ဆောက်လုပ်ရေးနဲ့ လုပ်ငန်းဆောင်ရွက်ရေး မူဘောင် သဘောတူစာချုပ် သယ်ယူပို့ဆောင်ရေးလွယ်ကူချောမွေ့စေရေးဆိုင်ရာ ပရိုတိုကောနဲ့ ထိန်းသိမ်းခြင်းနဲ့စီမံခန့်ခွဲခြင်း ပရိုတိုကောတို့ကို လက်မှတ်ရေးထိုးပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါစီမံကိန်းလုပ်ငန်းများ သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ကုလားတန်

မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ စီမံကိန်းလုပ်ငန်းအထောက်အကူပြု ကော်မတီတို့ကို ဖွဲ့စည်းပြီးတော့ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ကုလားတန်မြစ်ဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်းမှာ ရေလမ်းကြောင်း ကောင်းမွန်စေရေးဆောင်ရွက်ရမည့်အပိုင်းမှာ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ချင်းပြည်နယ်၊ ပလက်ဝမြို့အထိ အလျား(၉၈)မိုင်ခန့်အတွင်းဖြစ်ပါတယ်။ စစ်တွေမြို့မှ ကျောက်တော်မြို့အကြား ရေလမ်းကြောင်းအတွင်းမှာ ခက်ခဲကြပ်တည်းမှုများမရှိကြောင်း လေ့လာတွေ့ ရှိရပါတယ်။

ကျောက်တော်မြို့နဲ့ ပလက်ဝမြို့အကြား အလျား(၄၈)မိုင်အတွင်းမှာ သောင်တူးဖော် ရှင်းလင်းရန် လိုအပ်သောနေရာ ပလက်ဝရေကြောင်း၊ ကံဝရေကြောင်း၊ လောင်းဂဒူးရေကြောင်းနဲ့ စကားတောင်ရေကြောင်းဆိုပြီးတော့ (၄)နေရာရှိပါတယ်။ အဲဒီ(၄)နေရာအနက် ပလက်ဝ ရေကြောင်း သောင်တူး လုပ်ငန်းပမာဏ(၄၉၇၂၆)ကုဗမီတာနဲ့ ကံဝရေကြောင်း သောင်တူးလုပ်ငန်းပမာဏ (၁၂၉၅)ကုဗမီတာတို့ကို ၂၀၁၄ ခုနှစ် ဇွန်လအတွင်းမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ စကားတောင် ရေလမ်းသောင်တူးလုပ်ငန်းမှာ ပမာဏ(၁၉၂၂၂)ကုဗမီတာ တူးဖော်ရန်လျာထားရာ ကျွန်တော်တို့ ပြီးသလောက်နီးနီး ဒီဇွန်လလယ်မှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လောင်းဂဒူးရေလမ်း သောင်တူးလုပ်ငန်းဆောင်ရွက်ရမယ့်ပမာဏမှာ (၂၄၀၄၃)ကုဗမီတာ ဖြစ်ပြီးတော့ အဲဒါကတော့ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်သွားရမယ့်လုပ်ငန်းဖြစ်ပါတယ်။ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးရေးတိုးတက်ဦးစီးဌာနအနေနဲ့ မြစ်များအတွင်းသောင်တူးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ တူးဖော် ထွက်ရှိလာတဲ့ ကျွန်တော်တို့ Disposal တွေကို ရေလမ်းကြောင်းနဲ့ လွတ်ကင်းပြီး စုပုံရန် သင့်တော်ရာ နေရာများမှာ စွန့်ပစ်စုပုံလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ Wavy Float တွေ၊ Shore Pipe တွေအသုံးပြုပြီးတော့ လိုအပ်တဲ့နေရာမှာ စနစ်တကျပို့ဆောင် စုပုံပေး လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းဖြင့် ရေလမ်းကြောင်းအတွင်း လိုအပ်တဲ့ ရေအနက်ရရှိ လာစေပြီးတော့ ကမ်းပြိုမှုတွေဖြစ်ပွားတာတွေကိုလည်း ကျွန်တော်တို့ လျော့နည်းစေနိုင်မှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းဆောင်ရွက်ခဲ့တဲ့ ပလက်ဝ ဆိပ်ကမ်းရေလမ်းသောင်တူးဖော်ခဲ့ရာမှာလည်း တူးစာများကို ပလက်ဝမြို့ကမ်းရင်းဘက်ရှိ ရေကြောင်းကပ်လျက်ရှိရာနေရာများကို ဒေသခံများရဲ့ ဆန္ဒနဲ့အညီ စနစ်တကျ စုပုံ ဆောင်ရွက်ခဲ့ပါတယ်။ မြစ်အတွင်း သောင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ကြိုတင်လေ့လာဆန်းစစ်ချက် Environmental Impact Assessment (EIA) ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းကတော့ ရေးဆွဲနေဆဲ ဖြစ်တဲ့ အတွက်ကြောင့်မိုလို့ ကုလားတန် မြစ်သောင်တူးလုပ်ငန်းအတွက်ကို (EIA) လုပ်ငန်းဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကုလားတန်မြစ် အတွင်း သောင်တူးလုပ်ငန်းများ မဆောင်ရွက်မီ (Environmental Management Plan ) လေ့လာမှုကို ဆောင်ရွက်ပြီးတော့ အဲဒီလေ့လာချက်အရ သောင်တူးလုပ်ငန်း ဆောင်ရွက်မယ့် အလျား စုစုပေါင်း (၂၀၉၆)မီတာသာ ရှိတဲ့အတွက်ကြောင့် စစ်တွေမှ ပလက်ဝအထိ မြစ်အလျားရဲ့ (၁.၃)ရာခိုင်နှုန်းတွင်သာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

အဝေးပြေး ကားလမ်းမနဲ့ပတ်သက်ပြီးတော့ ပလက်ဝ(စက်ပြစ်ပြင်)မှ မြိတ်ဝ (ဇိုရင်ပွီ)မြန်မာ- အိန္ဒိယနိုင်ငံ နယ်စပ်အထိကို (၄၈.၅)ကီလိုမီတာကို ယခင် အိန္ဒိယနိုင်ငံ RITES ကုမ္ပဏီရဲ့ တိုင်းတာ ပြုစု

ထားတဲ့ အသေးစိတ် စီမံကိန်း အစီရင်ခံစာအပေါ် မူတည်ပြီးတော့ အသေးစိတ် ခန့်မှန်းခြေ စာရင်းကို တွက်ချက်ပြီး အိန္ဒိယနဲ့ မြန်မာဘက်တို့က ခန့်မှန်းခြေ စီမံကိန်းတန်ဖိုးကို ညှိနှိုင်းလျက်ရှိပါတယ်။ ကျွန်တော်တို့ ပလက်ဝကနေပြီး ပလက်ဝ (စက်ပြစ်ပြင်)အထိ (၆၀.၇)ကီလိုမီတာကို အိန္ဒိယဘက်ကနေပြီးတော့ တာဝန်ပေးအပ်ထားတဲ့ M/s IRCON International Ltd. က အင်ဂျင်နီယာအဖွဲ့နဲ့ မြန်မာအဖွဲ့တို့ လမ်းအူကြောင်းရွေးချယ်ခြင်း၊ တိုင်းတာခြင်းများ ပြုလုပ်ခဲ့ပြီးတော့ အသေးစိတ် စီမံကိန်း အစီရင်ခံစာကို ပြုစုပြီး အိန္ဒိယအစိုးရကို တင်ပြထားပါတယ်။ ပလက်ဝကနေ ကလက်ဝ (၆၀.၇) ကီလိုမီတာနဲ့ ကလက်ဝကနေ ဇိုရင်ပွီ အိန္ဒိယ-မြန်မာ နယ်စပ်အထိ (၄၈.၅) ကီလိုမီတာတို့အတွက်ကို Detail Project Report ကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရရှိပြီးဖြစ်ပါတယ်။ ပလက်ဝ-ကလက်ဝ အပိုင်းကို မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ပြီးတော့ ပလက်ဝ-မြိတ်ဝအပိုင်းကို အိန္ဒိယနိုင်ငံဘက်မှ ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံဘက်ကနေ ညှိနှိုင်းလာပါတယ်။ ဖော်ပြပါ လမ်းကြောင်းတွေကို နှစ်နိုင်ငံအစိုးရသို့ သဘောတူအတည်ပြုချက် ရရှိဖို့ တင်ပြထားပြီးတော့ အတည်ပြုပြီးပါက အဆိုပြုလမ်းကြောင်းတွေ ရွေးချယ်သတ်မှတ်သွားမည် ဖြစ်ပြီးတော့ လမ်းကြောင်းပေါ်မှာရှိတဲ့ ပလက်ဝဆိပ်ကမ်း သဘော်ာဆိပ်နဲ့ ဒလက်မေချောင်းထဲရှိ အိုရင်ဝရွာအကြား လမ်းကြောင်းအား အဆိုပြု ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို အတည်ပြုချက်တွေ ရရှိပြီးပါက လမ်းတည်ဆောက်ရေး လုပ်ငန်းများ မစတင်မီ သဘာဝပတ်ဝန်းကျင် ကြိုတင်လေ့လာဆန်းစစ်ချက် (EIA) လုပ်ငန်းတွေလည်း ဆောင်ရွက်သွားမယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ ပြန်ကြားထားပါတယ်။ သို့ဖြစ်ပါ၍ ကုလားတန်မြစ် သောင်တူးဖော်ခြင်း လုပ်ငန်းများအတွက် လက်ရှိလုပ်ငန်း ပမာဏ နည်းပါးတဲ့အတွက် သဘာဝပတ်ဝန်းကျင် ကြိုတင်လေ့လာဆန်းစစ်ချက် (EIA) လုပ်ဆောင်ရန် အစီအစဉ် မရှိသေး ပါကြောင်းနဲ့ ကားလမ်းဖောက်လုပ်ရေးနဲ့ပတ်သက်ပြီးတော့ လမ်းအူကြောင်းကို အတည်ပြုချက် ရရှိပြီးပါက လုပ်ငန်းများ မစတင်မီ သဘာဝပတ်ဝန်းကျင် ကြိုတင်လေ့လာဆန်းစစ်ချက် (EIA) ကို လုပ်ဆောင်သွားမှာ ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း

ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(ဃ)(စ)(ဆ)

၂။ (ဃ) ဒေသတွင်းအဖွဲ့ခွဲများဆိုသည်မှာ မြန်မာနိုင်ငံတွင် အနည်းဆုံး ကော်မတီ အဖွဲ့ဝင် (၁၅) ဦး ရှိသော ဒေသ များတွင် ဖွဲ့စည်းထားသည့် အဖွဲ့ခွဲများကို ဆိုသည်။

(စ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဆ) ဥက္ကဋ္ဌဆိုသည်မှာ ကော်မတီဝင်များကရွေးချယ် တာဝန်ပေးအပ်သော အလုပ်အမှုဆောင် ကော်မတီ၏ ဥက္ကဋ္ဌကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဃ)(စ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ခ)

၃။ (က) မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီသည် တမံကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်များတွင် စိတ်ပါဝင်စား၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုသော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများစသည်တို့ကို စုစည်းထားသော ပညာရပ်ဆိုင်ရာအဖွဲ့အစည်း ဖြစ်သည်။

(ခ) တမံကြီးများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လေ့လာခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တမံကြီးများ ထိန်းသိမ်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ နည်းပညာ အချက်အလက်များ ဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် တမံကြီးများနှင့် သက်ဆိုင်သည့် စီးပွားရေး လုပ်ငန်းအပါအဝင် အခြားလုပ်ငန်း တစ်ခုခုတွင် သတ်မှတ်ချက်များနှင့် အညီ ပါဝင်ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများကို ကော်မတီအဖွဲ့ဝင်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်-

အပိုဒ် ၅(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၆(က)(ခ)၊ အပိုဒ် ၇(က)မှ(ဆ)အထိ၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁(ဃ)၊ အပိုဒ် ၁၂

၅။ ဝန်ကြီးဌာနသည် ခုနစ်ဦးထက်မပိုသော ကော်မတီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ခ) ပြည်ထောင်စု ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စု ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

(ဃ) ဝါရင့်ပညာရှင်များ

၆။ နာယကအဖွဲ့သည် -

(က) ကော်မတီ၏ ပထမအကြိမ် အထွေထွေညီလာခံကို သတ်မှတ်ချက်များနှင့် အညီ ကျင်းပရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကျင်းပသည့် အထွေထွေညီလာခံတွင် စုစုပေါင်း အဖွဲ့ဝင်(၄၅)ဦး ထက်မပိုသော ဦးရေဖြင့် ကော်မတီကို ဖွဲ့စည်းရမည်။

၇။ ကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်အမှုဆောင် ကော်မတီကို စုစုပေါင်း အဖွဲ့ဝင်(၁၅)ဦးဖြင့် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | (၁) ဦး |
| (ခ) | ဒုတိယဥက္ကဋ္ဌ | (၂) ဦး |
| (ဂ) | အတွင်းရေးမှူး | (၁) ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | (၂) ဦး |
| (င) | ဘဏ္ဍာရေးမှူး | (၁) ဦး |
| (စ) | စာရင်းစစ် | (၁) ဦး |
| (ဆ) | အလုပ်အမှုဆောင်အဖွဲ့ဝင် | (၁) ဦး |

၈။ နာယကအဖွဲ့သည် ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီတို့ကို လိုအပ်သော လမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

၁၀။ ကော်မတီ၏ အထွေထွေညီလာခံကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပ၍ ကော်မတီအသစ်ကို ဖွဲ့စည်းရမည်။

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းများအပေါ် တာဝန်ခံ ရမည် -

(ဃ) နာယကအဖွဲ့ အသစ်ကို ဖွဲ့စည်းခြင်း၊

၁၂။ ကော်မတီရုံးမှ ထုတ်ပြန်ဖြန့်ဝေသည့် အင်ဂျင်နီယာ ပညာရပ်ပိုင်းဆိုင်ရာ ဖြန့်ဝေစာများနှင့် မဂ္ဂဇင်းများသည် ကော်မတီ၏ တရားဝင် ထုတ်ပြန်ချက်ဟု မှတ်ယူရမည်။ ကော်မတီသည်မိမိ၏ ကိုယ်ပိုင်အမှတ် တံဆိပ်နှင့် တံဆိပ်တုံးတို့ကို သုံးစွဲခွင့်ရှိပြီး၊ ပုံသေပိုင်ပစ္စည်းများ၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေ ဘဏ်စာရင်းများ ထူထောင်ထားရှိနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၆(က)(ခ)၊ အပိုဒ် ၇(က)မှ(ဆ)အထိ၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁(ဃ)၊ အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅(က)(ခ) (ဂ)(ဃ)၊ အပိုဒ် ၆(က)(ခ)၊ အပိုဒ် ၇(က)မှ(ဆ)အထိ၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁(ဃ)၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)(ခ)

**အခန်း (၄)**

**အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း**

၁၃။ အလုပ်အမှုဆောင် ကော်မတီသည် အောက်ပါ အဖွဲ့ခွဲများကို ဖွဲ့စည်းပေးရမည်-

(က) ဒေသတွင်းအဖွဲ့ခွဲများ၊

(ခ) နည်းပညာဆိုင်ရာအဖွဲ့ခွဲများ၊

၁၅။ နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့များကို အခြေခံ၍ ဘာသာရပ်အလိုက် စုစည်းကာ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲများသည် မိမိတို့ဆက်စပ်ရာ ဘာသာရပ်အလိုက် အဖွဲ့ခွဲဝင်များကို စုစည်း၍ မိမိတို့အဖွဲ့ခွဲအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ သတ်မှတ်ခြင်း၊ အစည်းအဝေး ကျင်းပခြင်း၊ ဆောင်ရွက်ချက်၊ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီ လုပ်ငန်းများကို အထောက်အကူပြုရန်-

(က) အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် ကော်မတီက တာဝန်ပေးအပ်သော အဖွဲ့များမှ အဖွဲ့ဝင်များ ပါဝင်စေလျက် အတွင်းရေးမှူးများ အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) တမံကြီးများနှင့် သက်ဆိုင်သည့် လိုအပ်သော အထူးအဖွဲ့များကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၁၇(ဂ) (ဃ)၊ အပိုဒ် ၁၈(ည)

၁၇။ (ဂ) နိုင်ငံတော်က တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီးစီမံကိန်းများကို ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ စူးစမ်းလေ့လာမှုအပိုင်း၊ ဒီဇိုင်းစနစ် ချမှတ်မှုအပိုင်း၊ အသေးစိတ် ဒီဇိုင်းပုံစံ ထုတ်လုပ်မှုအပိုင်း၊ တည်ဆောက် အကောင်အထည်ဖော်မှုအပိုင်းတို့ကို စိစစ်ခြင်း၊ ထောက်ခံ အကြံပြုချက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏တည်ဆောက်ပြီး တမံကြီးစီမံကိန်းများကို ကော်မတီက ကြီးကြပ်ခိုင်မှုစစ်ဆေးခြင်း၊ ဆက်စပ်လုပ်ငန်းများနှင့် ရေအားအဆောက်အအုံများအား လည်ပတ် အသုံးချမှု၊ ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးခြင်း၊ အကြံပြုထောက်ခံချက်ပေးခြင်းဟု ဖြည့်စွက်ထားပါတယ်။

၁၈။ (ည) သုတေသနဖော်ထုတ်ချက်များ၊ လေ့လာပြီးလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များနှင့် ပညာရပ်ဆိုင်ရာစာစောင်များကိုထုတ်ဝေခြင်း၊ ကြေညာခြင်းနှင့် လုပ်ငန်းဆိုင်ရာအသိပညာများကို ဖြန့်ဖြူးပေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(ဂ)(ဃ)၊ အပိုဒ် ၁၈(ည) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ (ဂ)(ဃ)၊ အပိုဒ် ၁၈(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉(ဃ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၂(က)(ဂ)၊

## အခန်း (၆)

## ကော်မတီအဖွဲ့ဝင်များ၏ တာဝန်နှင့် အခွင့်အရေးများ

၁၉။ ကော်မတီအဖွဲ့ဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဃ) အဖွဲ့ဝင်များသည် ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ၏လုပ်ငန်းရပ်များကို အခကြေးငွေရယူခြင်း မရှိဘဲ အစဉ်တစိုက်ပါဝင် ဆောင်ရွက်ခြင်း၊

၂၀။ ကော်မတီအဖွဲ့ဝင်များ၏ အခွင့်အရေးများမှာ အောက်ပါ အတိုင်းဖြစ်သည်-

( ခ ) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင် အဖွဲ့ဝင်များမှ အပ ကျန်အဖွဲ့ဝင်များသည် မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

၂၁။ ကော်မတီအဖွဲ့ဝင်အမျိုးအစားများနှင့် ပါဝင်ဆောင်ရွက်ခွင့်တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစုအဖွဲ့ဝင်များဆိုရာတွင် ဆန်းစစ်လေ့လာမှု အဖွဲ့များ၊ စီးပွားရေးဆိုင်ရာ အစုအဖွဲ့များ၊ လေ့ကျင့်ရေး၊ တည်ဆောက်ရေး၊ ပစ္စည်းကိရိယာ ထုတ်လုပ်ရေး၊ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ဆက်စပ်သည့် အဖွဲ့များ စသည်တို့ ပါဝင်သည်။

( ဂ ) မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အခြားကော်မတီတစ်ခုခု၏ အစုအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များသည် ကော်မတီသို့ ပူးပေါင်းရန်စာဖြင့်ဆက်သွယ်ပြီး ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို လက်ခံလျှင် ကော်မတီ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံနိုင်ခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉(ဃ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၂(က)(ဂ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉(ဃ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၂(က)(ဂ) သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇

၂၂။ ကော်မတီ၏ အထွေထွေညီလာခံ အစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကော်မတီက ခေါ်ယူကျင်းပရမည်။

၂၃။ အထူးညီလာခံကို ကော်မတီဝင် သုံးပုံနှစ်ပုံနှင့်အထက် သို့မဟုတ် တရားဝင်အသိအမှတ်ပြုအဖွဲ့ဝင် စုစုပေါင်း၏ သုံးပုံ တစ်ပုံနှင့်အထက်က တောင်းဆိုလျှင် အလုပ်အမှုဆောင် ကော်မတီက ခေါ်ယူပေးရမည်။

၂၄။ ကော်မတီ၏ အထွေထွေညီလာခံသည်ပြီးခဲ့သည့် သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေး၊ ဆုံးဖြတ်၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံ စည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန် ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေး အတည်ပြုဆောင်ရွက်ခွင့်ရှိသည်။

၂၅။ ကော်မတီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပရမည်။ အလုပ်အမှုဆောင် ကော်မတီသည် လိုအပ်ပါက ကော်မတီအထူးအစည်းအဝေးကို ခေါ်ယူနိုင်သည်။

၂၆။ အလုပ်အမှုဆောင် ကော်မတီသည် ကော်မတီ၏ အထွေထွေ ညီလာခံနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ်အမှုဆောင် ကော်မတီအစည်းအဝေးကို နှစ်လလျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ်အမှုဆောင် ကော်မတီဝင်ဦးရေထက်ဝက်ကျော်က သော်လည်းကောင်း အဆိုပြုလျှင် အထူးအစည်းအဝေး ခေါ်ယူနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂၈ (က)(ခ)(၆)

၂၈။ (က) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုသည် ကော်မတီမှ နုတ်ထွက်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့စာဖြင့် တင်ပြ၍ နုတ်ထွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

(ခ) (၆) ကွယ်လွန်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈ (က)(ခ)(၆) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈ (က)(ခ)(၆) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ်၂၉၊ အပိုဒ် ၃၀ (ခ)(ဂ)၊ အပိုဒ် ၃၁(ခ)၊ အပိုဒ် ၃၂(က)(ခ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄

၂၉။ ကော်မတီ၏ ရန်ပုံငွေကို အဖွဲ့ဝင်များနှင့်အစု အဖွဲ့ဝင်များ၏ အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊ တမံကြီးများနှင့် သက်ဆိုင် သည့် ပညာရပ်ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြား တရားဝင် ရငွေများဖြင့် ထူထောင် ထားရှိရမည်။

၃၀။ (ခ) မိမိရန်ပုံငွေဖြင့်ရပ်တည်ရာတွင် လုံလောက်မှု မရှိပါက ဝန်ကြီးဌာနမှတဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များ နှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

၃၁။ (ခ) ကော်မတီရုံးဝန်ထမ်းများ၏လစာ၊ ထောက်ပံ့ကြေး၊ ဝန်ထမ်းရေးရာ ကိစ္စများအတွက် သုံးစွဲခြင်း၊

၃၂။ (က) အဖွဲ့ခွဲများသည်ကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့်ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့်ငွေစာရင်းကို စီမံခန့်ခွဲရမည်။

(ခ) အဖွဲ့ခွဲတစ်ခုခုကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ ပုံသေပိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အလုပ်အမှုဆောင် ကော်မတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဦးဆောင်စေလျက် အဖွဲ့ဝင်သုံးဦးဖြင့် ကော်မတီက ရွေးချယ်ခန့်ထားရမည်။ လုပ်ငန်းစစ်ဆေးရေး အဖွဲ့သည် ကော်မတီ၊ အဖွဲ့ခွဲများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်း ဆောင်ရွက်ခြင်းများသည် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့် အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေးခြင်း၊ ကော်မတီ၏ ရန်ပုံငွေသုံးစွဲမှုကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို ကော်မတီအထွေထွေညီလာခံ၊ ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများသို့ တင်ပြရမည်။

၃၄။ ကော်မတီသည် ကော်မတီ၏ လုပ်ငန်းများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် ထူးချွန်စွာဆောင်ရွက်သူ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများကို ထူးချွန်ဆုများ ချီးမြှင့်ခြင်းကို သော်လည်းကောင်း၊ နိုင်ငံတော်က အသိအမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံရရေးအတွက် အသိအမှတ်ပြု ထောက်ခံပေးခြင်းကို သော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၂၉၊ အပိုဒ် ၃၀ (ခ)(ဂ)၊ အပိုဒ် ၃၁(ခ)၊ အပိုဒ် ၃၂(က)(ခ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂၉၊ အပိုဒ် ၃၀ (ခ)(ဂ)၊ အပိုဒ် ၃၁(ခ)၊ အပိုဒ် ၃၂(က)(ခ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ်၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉(က)(ခ)

၃၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကော်မတီကထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ ကူညီပေးရမည်။

၃၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီ ဝင်များနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့် ရှိသည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်း၏ အပိုဒ် ၆(က)(ခ)(ဃ)၊ အပိုဒ် ၁၉(ဃ)၊ အပိုဒ် ၃၆(က)(ခ)(ဂ)တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော် လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၁) တွင် ပါရှိသော နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၂) အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထားသည့် မူဝါဒ နှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းရမည်။

၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ) အရ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည် လေးစားခြင်းခံရသူ ပုဂ္ဂိုလ်အနည်းဆုံး (၃)ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်း နိုင်သည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် ပုဒ်မ ၁၃ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများ ယုံကြည် လေးစားခံရသူ ပုဂ္ဂိုလ်အနည်းဆုံး (၃)ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌ အဖြစ် တာဝန် ပေးအပ်ရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စာရေးသည် ယင်း ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရမည်။

၁၆။ (က) အသက် ၄၀ နှစ်ပြည့်ပြီးသူ (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု) ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစား နိုင်သည်။

၁၇။ အထက်ပါ သတ်မှတ် အရည်အချင်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူ ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့ အဖွဲ့ ဖွဲ့စည်းဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ပေးပါရန် နှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်း လိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးညွန့်တင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့အဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင် ပညာရှင်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ Slideအနည်းငယ် သုံးခွင့်ပြုပါ။ နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှု တားဆီးကာကွယ်ရေး အတွက် အမျိုးသားအဆင့်ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD)ကဲ့သို့ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့ရဲ့ ပွင့်လင်းမြင်သာစွာ တိုးတက်မှုကို ဆောင်ရွက်ခဲ့တဲ့ အကျိုးကျေးဇူး၊ လွှတ်တော်ဥက္ကဋ္ဌကြီး များ ဦးဆောင်တဲ့ လွှတ်တော်ကြီးများက ဥပဒေများပြုပြီးတော့ ကျွန်တော်တို့နိုင်ငံ တိုးတက်ရာ တိုးတက် ကြောင်း ဆောင်ရွက်ချက်တွေကြောင့် ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွား Tourism များ အများအပြား ဝင်ရောက်လာတာ တွေ့ရပါတယ်။ အဲဒီလို ရင်းနှီးမြှုပ်နှံမှုတွေ၊ ခရီးသွားလုပ်ငန်းတွေ တိုးတက်လာတဲ့အတွက်ကြောင့် ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း ခရီးသွားလာမှုဟာ အင်မတန် များလာပါတယ်။ ဒါကတော့ ကျွန်တော်မပြောလည်း အားလုံးသိနေကြပါတယ်။ ရန်ကုန်မြို့မှာ Traffic Jam ဖြစ်တာတွေ၊ နောက်တစ်ခါ ရန်ကုန် - မန္တလေး၊ ရန်ကုန်-နေပြည်တော် High-Way မှာ ခရီးသွားကားတွေ အများကြီး တိုးတက်လာတာတွေ၊ ရေကြောင်းလည်း ဒီလိုပါပဲ။ တိုးတက်လာတာတွေ တွေ့နေရပါတယ်။

အဲဒီလို ဖြစ်လာတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့က ဒီခရီးသွား လုပ်သားပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်အတွက် ကာကွယ်ဖို့အတွက် အဓိကကဘာလိုလဲဆိုတော့ လုံခြုံမှုလိုပါတယ်၊ Safely ။ လေကြောင်းမှာဆိုရင်လည်း အရင်တုန်းက လေကြောင်းလိုင်း သုံး၊ လေး လိုင်းရှိရာမှ အခုဆို လေကြောင်းလိုင်းတွေက (၁၀)လိုင်းကျော် (၁၁)လိုင်းလောက် ဖြစ်လာပြီးတော့ လေယာဉ်တွေလည်း အစီးရေ အင်မတန်များတဲ့အတွက်ကြောင့် လေယာဉ်ကွင်းမှာ လေယာဉ်တွေ ပြည့်ကျပ်နေတယ်။

ကျွန်တော် အရင် မေးခွန်းလည်း မေးဖူးပါတယ်။ လေယာဉ်တွေကို ဘယ်လို ချဲ့ထုတ်မလဲ စသည်ဖြင့်ပေါ့။ Accident တွေ ဖြစ်မှာစိုးလို့ပါ။ အဲဒီလိုပဲ။ ကုန်းလမ်း၊ နောက်တစ်ခါ ရေလမ်းမှာလည်း အဆမတန် များပြားလာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ခရီးသွားပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်အတွက် နောက်တစ်ချက်ကတော့ နိုင်ငံရဲ့ပုံရိပ်ပေါ့။ နိုင်ငံတစ်နိုင်ငံမှာ လေကြောင်းဖြစ်ဖြစ်၊ ရေကြောင်းဖြစ်ဖြစ်၊ ကုန်းကြောင်းမှာဖြစ်ဖြစ် မတော်တဆ ထိခိုက်မှု အကြီးအကျယ် ဖြစ်လိုက်လို့ရှိရင် အဲဒီနိုင်ငံရဲ့ ပုံရိပ်၊ အဲဒီ လေကြောင်းလိုင်း၊ အဲဒီနိုင်ငံရဲ့ သင်္ဘောခရီးစဉ်တွေရဲ့ ပုံရိပ်က ကျသွားပါတယ်။ အဲဒီလိုကျသွားရင် နိုင်ငံတော်ကို ထိခိုက်ပါတယ်။ ဒါကတော့ အခုအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးသိတဲ့အတိုင်းပဲ။ Malaysia Air Line မှာဆိုလို့ရှိရင် MHS 370 ပျောက်သွားတယ်။ နောက်တစ်ခု Malaysia Air Line ပဲ။ ယူကရိန်းဘက်မှာ ပစ်ချခံလိုက်ရတယ်။ အဲဒီပုံရိပ်တွေကြောင့် Malaysia Air Line က အခုဆိုလို့ရှိရင် နာမည်ကိုတောင် ပြောင်းဖို့ သူတို့ ကြိုးစားနေတယ်။ CEO အသစ် တစ်ယောက်ကို ငှားပြီးတော့ ဒီနိုင်ငံ နာမည်ကို ဘယ်လိုပြောင်းမလဲ။ ဘာလို့လဲဆိုတော့ စီးကို မစီးကြတော့ဘူး လူတွေက၊ အဲဒီတော့ လေကြောင်းလိုင်းကြီးကလည်း အရှုံးပေါ်နေတယ်။ အရှုံးပေါ်တဲ့အတွက်ကြောင့် အခု နာမည် အင်မတန်ကြီးတဲ့ Air Bus 380 ပေါ့၊ 380 ဆိုတာ တော်ရုံတန်ရုံ လေကြောင်းလိုင်းက မဝယ်နိုင်ဘူး။ Malaysia Air Line မှာ (၂)စီးရှိပါတယ်။ အဲဒါကိုတောင် သူတို့ ပြန်ရောင်းဖို့ ကြိုးစားနေ ကြတယ် Air Bus 380 ကို။

အဲဒီလို လေကြောင်းလိုင်းကြီးက အနှစ်နှစ် အလလ ထူထောင်ခဲ့တဲ့ဟာက ဒီ တစ်ကြိမ်၊ နှစ်ကြိမ် Accident ကြီးကြီးကျယ်ကျယ် ဖြစ်လိုက်ရင် လေကြောင်းလိုင်းကြီးတစ်ခုလုံးက ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပျက်သွားပါတယ်။ ကျဆင်းသွားပါတယ်။ ဒါကြောင့်မို့လို့ Accident မဖြစ်ဖို့ အင်မတန် အရေးကြီးပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင်လည်း လောလောဆယ်မှာ ဟိုတစ်လောက Air Bagan ဖြစ်တယ်။ လူကတော့ အသေအပျောက် သိပ်မရှိဘူး။ ကံကောင်းတယ်။ တစ်ယောက်၊ နှစ်ယောက်ပဲ သေတယ်။ နောက်တစ်ခါ ဒီပြင် Air crash accident တွေ ဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အတွက်ကြောင့် နောင်ကို အကြီးအကျယ် မဖြစ်အောင်လို့ ကျွန်တော်တို့ ကာကွယ်ဖို့လိုတယ်။ ထို့အတူပဲ ရေကြောင်းနဲ့ ပတ်သက်ရင်လည်း အောင်တံခွန် (၃)ဖြစ်တယ်။ လူ (၇၀)လောက်၊ (၇၀)ကျော် (၈၀)လောက် အသက်ဆုံးရှုံးတယ် စသည်ဖြင့်ပေါ့။ အဲဒါတွေကိုလည်း ကာကွယ်ဖို့လိုတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမှာလည်း ယာဉ်တိုက်မှုတွေ ဖြစ်တယ်။

Elite ကြီးတိုက်တာဆိုလို့ရှိရင် အမျိုးသမီး(၄)ဦးနဲ့ အမျိုးသား(၁)ဦး အသက်ဆုံးရှုံးပြီးတော့ အမျိုးသား(၁၀)ဦးနှင့် အမျိုးသမီး (၅)ဦး အကြီးအကျယ် ဒဏ်ရာရတာပေါ့။ ဒါလည်း ရန်ကုန်-မန္တလေး အမြန်လမ်းမှာ ယာဉ်တိမ်းမှောက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို Accident တွေ မဖြစ်အောင်

ကာကွယ်ဖို့အတွက်ကို ကျွန်တော် အဆိုတင်တာဖြစ်ပါတယ်။ အဲဒါကတော့ဘာလဲဆိုတော့ အမျိုးသား အဆင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသား အဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့၊ နိုင်ငံတကာတွေမှာလည်း ရှိပါတယ်။ အမေရိကမှာဆို NTSC (National Transport Safely Board)၊ အဲဒါက ဘယ်လိုဖွဲ့လဲဆိုတော့ အဖွဲ့ဝင်(၅)ဦး၊ သူက independent ဖြစ်တယ်။ သူက ဘယ်ဝန်ကြီးဌာနမှ ကိုယ်စားမပြုဘူး။ သူက ဘေးကနေ ထိုင်ကြည့် နေမှာ။ အဲဒီအဖွဲ့ဝင်(၅)ဦးမှာ အများအားဖြင့်တော့ အစိုးရအရာရှိကြီးတွေ ဖြစ်နိုင်တယ်။ အတွေ့အကြုံ ရှိတဲ့။ နောက်တစ်ခု အငြိမ်းစား အရာရှိကြီးတွေလည်း ဖြစ်နိုင်တယ်။ နောက် ပညာရှင်တွေ (၅)ဦး၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဆိုပြီးတော့။ အဲဒီမှာဆို (၅)ဦးကို သမ္မတနဲ့ လွှတ်တော်က ရွေးတာပေါ့။ အဂတိလိုက်စားမှု ကော်မရှင်လိုပါပဲ။ သူက (၅)ဦးပဲထားပါတယ်။ အများကြီး မထားဘူး။ နောက်တစ်ခါ ဥက္ကဋ္ဌရှိတယ်။ ဒုတိယဥက္ကဋ္ဌရှိတယ်။ အဖွဲ့ဝင်တွေ ရှိတယ်။

အဲဒါတွေက ဂုဏ်သိက္ခာသမာဓိ ရှိပြီးတော့ ဒီနိုင်ငံတကာ အတွေ့အကြုံရှိ၊ နောက်တစ်ခါ ဒီဌာနတွေမှာ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းဌာနတွေမှာ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့တဲ့ အရာရှိကြီးတွေ၊ သူတို့တွေကို အဖွဲ့ဝင်အဖြစ် ထည့်ထားတယ်။ အဲဒီမှာလည်း ဘက်လိုက်မှုမရှိအောင် လို့ ပါတီတစ်ခုထဲက အဖွဲ့ဝင် (၃)ဦးထက် မပိုရဘူး။ ဘယ်ပါတီပဲ ဖြစ်ဖြစ်ပေါ့။ (၃)ဦးပဲ ပါရမယ်။ (၅)ဦး စလုံးက ပါတီတစ်ခုတည်းက မဖြစ်ရဘူး။ အဲဒီလို သူတို့ လုပ်ထားပါတယ်။ အဲဒီဥက္ကဋ္ဌရဲ့ အောက်မှာ ဘာရှိသလဲဆိုတော့ ဦးဆောင်ညွှန်ကြားရေးမှူး တစ်ယောက်ရှိပါတယ်။ ပြီးတော့ ဒီဘက်က ဘဏ္ဍာ ရေးဌာနရှိတယ်၊ ဆက်သွယ်ရေးဌာနရှိပါတယ်။ အဲဒီဦးဆောင်ညွှန်ကြားရေးမှူးရဲ့အောက်မှာမှ သုတေသန နှင့် အင်ဂျင်နီယာဌာန၊ ရထားလမ်းပိုက်လိုင်းနှင့် အန္တရာယ်ရှိသောပစ္စည်းများ၊ အဲဒါကတော့ သူတို့ နောက်ပိုင်းမှာ အပိုထည့်တာပါ။ ပိုက်လိုင်းဆိုတာ ရေနံပိုက်လိုင်းတွေ၊ ဘာတွေပြောတာ။ အဲဒါတွေ ပေါက်ကွဲမှာစိုးလို့၊ နောက် အန္တရာယ်ရှိသောပစ္စည်း ဆိုတာ Haphazard material ပေါ့။ အဲဒါတွေကို စောင့်ကြည့်တဲ့အဖွဲ့၊ ပြီးတော့မှ လေကြောင်းအန္တရာယ်ကာကွယ်ရေးဌာနဆိုပြီးတော့ လေကြောင်းနဲ့ ပတ်သက်တာကို စောင့်ကြည့်တဲ့အဖွဲ့၊ နောက်တစ်ခု ရေကြောင်းကာကွယ်ရေး၊ ရေကြောင်းမှာဖြစ်မယ့် မတော်တဆတွေကို တားဆီးဖို့၊ နောက်တစ်ခါ ကုန်းလမ်းအန္တရာယ် ကာကွယ်ရေး၊ အခု ကုန်းလမ်းနဲ့ ပတ်သက်လို့ ကျွန်တော် ကြုံလို့ပြောရင် ကျွန်တော်တို့နိုင်ငံက အများကြီးလုပ်နေတာ တွေ့ရပါတယ်။

ဥပမာအားဖြင့် သတင်းထဲမှာ တွေ့လိုက်လို့၊ ဒုတိယသမ္မတကြီးကိုယ်တိုင် ဦးစီးပြီးတော့ ကုန်းလမ်း ယာဉ်အန္တရာယ် တားဆီးကာကွယ်ရေးဆိုပြီးတော့ ကော်မတီတစ်ရပ် ဖွဲ့ပြီးတော့ကို လုပ်နေ တယ်။ အဲဒါကတော့ ဝန်ထမ်းတွေချည်းပဲ၊ ဒုတိယ သမ္မတကြီးကတော့ လာပြီးတော့ ဖွင့်ပေးလိုက်တာပေါ့။ ဒါပေမဲ့ ဝန်ထမ်းတွေ၊ ဒါပေမဲ့ ကျွန်တော် တင်ပြချင်တာကတော့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့က ဝန်ထမ်းတွေချည်းမဟုတ်ဘူး။ ပညာရှင်တွေရယ်၊ အငြိမ်းစားဝန်ထမ်းတွေရယ်၊ ဝန်ထမ်းအကြီး အကဲတွေလည်း ပါချင်ပါပေါ့။ အဲဒီ (၅)ဦးနဲ့ ဖွဲ့ထားတာပေါ့။

အဲဒီတော့ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း (၃)ခု စလုံး ပါမယ်။ နောက်ဒီဘက်က သတင်းထုတ်ပြန်ရေးဌာန၊ သူက သတင်းလည်းယူမယ်၊ သတင်းလည်းထုတ်ပြန်မယ်။ နောက် အုပ်ချုပ် ရေးဌာန၊ နောက်ဥပဒေ ဌာန၊ ဒီလို အကြမ်းဖျင်းမှာ ဒါ အဖွဲ့အစည်းလည်းရှိတယ်။ အဲဒီအဖွဲ့အစည်းက Independent ဖြစ်တယ်။ သူတို့ Accident ဖြစ်တာနဲ့ ဒီအဖွဲ့က ဦးဆောင်ပြီးတော့ သွားပြီးတော့

လေ့လာပါတယ်။ အခုတော့ ကျွန်တော်ကိုယ်တိုင်လည်း တစ်ချိန်က ဝန်ထမ်းအကြီးအကဲ တစ်ယောက် လုပ်ဖူးတော့၊ ကျွန်တော်တို့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Accident တစ်ခုဖြစ်ရင် အဲဒီဝန်ထမ်း၊ အဲဒီ ဌာနကပဲ ညွှန်ကြားရေးမှူးတို့၊ ညွှန်ကြားရေးမှူးချုပ်တို့ကနေ ဦးဆောင်ပြီးတော့ အဖွဲ့လေးဖွဲ့ သွားစစ်တာ ပေါ့။ အဲဒီတော့ ကိုယ့်ဌာန Accident ဖြစ်တာ ကိုယ့်ဟာကိုယ်စစ်တော့လည်း ဒါကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားကြည့်လို့ရှိရင် သိနိုင်ပါတယ်။ ဟုတ်လား ပီပြင်မှုက တော့ အခုလို Independent ဖြစ်တဲ့ အဖွဲ့တစ်ဖွဲ့က ဦးဆောင်ပြီးတော့ ခုနကအဖွဲ့တွေရဲ့ ပညာသည်တွေ ကိုလည်း သုံးမယ်၊ သုံးပြီးတော့ သွားမယ်၊ သွားပြီးတော့ လေ့လာမယ်။ သွားပြီးတော့ ဖော်ထုတ်တာနဲ့တော့ မတူပါဘူးခင်ဗျား။

နောက်တစ်ခါ ကျွန်တော်တို့က အဓိကကတော့ Accident မဖြစ်ဖို့ပေါ့နော်။ မဖြစ်ဖို့ ကာကွယ်ရမှာ ဖြစ်ပါတယ်။ ဒါကတော့ ခုနက Accident ဖြစ်တဲ့ဟာ။ ဒါကတော့ အဲဒီ ကျွန်တော်တို့ လေကြောင်းနဲ့ပတ်သက်ပြီးတော့ Accident လေးတွေဖြစ်တာပေါ့။ အကြီးအကျယ်ကြီးတော့မဟုတ်ဘူး။ ဒါ မြန်မာ့MAI နဲ့ Golden Myanmar လေကြောင်း Test လုပ်ရင်းနဲ့ တိုက်မိတာ။ အဲဒီကိစ္စနော်။ အဲဒါလေးတွေက Accident ဆိုတာ ဒီလိုလေးက စပြီးတော့ ထိန်းရတယ်။ ခုတော့ အဲဒါ တိုက်ပြီးတော့ ကိုယ့်ဟာကိုယ် ကိုယ့်ဌာနကိုယ် သွားစစ်ပြီးတော့ သွားပြီးတော့ ပြီးသွားတာပါ။ သိပ်ပြီးတော့ ပီပြင်မှု လိုတာပေါ့ နော်။

နောက်တစ်ခါ ဘာဖြစ်လဲဆိုရင် ကိုရီးယားနဲ့ ဘန်ကောက် လေကြောင်းလိုင်း(၂)ခုက အတောင်ပံချင်း တိုက်မိသွားတယ်။ ညဘက်မှာ။ ဒါပေမဲ့ အဲဒီမှာ ကိုရီယား Air Line က ထူးဆန်းတာက တိုက်မှန်းမသိဘူး။ သူက လေထဲတက်သွားတယ်။ တော်တော်လိုက်ခေါ်ရတယ်။ ဟာ မင်း တိုက်သွား တယ်။ ပြန်ဆင်းခဲ့ဆိုတော့ အဲဒီတုန်းက ဆင်းလာပြီး အောက်မှာ ကြည့်တော့ အတောင်ပံမှာ တိုက်ထားတဲ့ ဒဏ်ရာကြီး တွေ့ရပါတယ်။ အဲဒါမျိုးတွေဆိုရင် ဒီအပြင် လေကြောင်းလိုင်းတွေလည်း သိအောင် စသည်ဖြင့် NTSB ဆိုလို့ရှိရင် ပိုပြီးတော့ ပီပီပြင်ပြင် လိုက်နိုင်မှာဖြစ်ပါတယ်။ အဲဒီ တာချီလိတ်မှ ပြန်တက် တဲ့ လေယာဉ်ဆိုလည်း ဘီးကွဲတယ်။ ဆိုတော့ Accident လေးတွေများလာရင် Accident ဖြစ်တတ် တယ်။

ဒါကြောင့်မို့လို့ အဲဒါမျိုးတွေကျတော့ ကိုယ့်ဌာနကလုပ်ထားတဲ့ NTSB လို အဖွဲ့တစ်ဖွဲ့က စောင့်ကြည့်ပြီးတော့ ဘက်လိုက်မှု ကင်းကင်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်လို့ရှိရင် ပိုပြီးတော့ Accident ဆိုတာကတော့ မဖြစ်ဘဲ မနေပါဘူး။ ဟို ဖြစ်တတ်တယ်။ အကြိမ်(၁)သိန်းမှာ မဖြစ်ရင်၊ အကြိမ်(၁)သန်းမှာ တစ်ခါတလေ ဖြစ်တယ်။ သို့သော်လည်း ကျွန်တော်တို့ ကာကွယ်လို့ရှိရင် ကာကွယ်လို့ရတယ်။ တတ်နိုင် သလောက်။ နည်းသွားတာပေါ့။ Accident နည်းသွားတာပေါ့။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဆိုတင်တာဖြစ်ပါတယ်။

အဲဒီတော့ ဒီအဖွဲ့က ဘာတွေဆောင်ရွက်သလဲဆိုတော့ အဓိကအားဖြင့်တော့ မတော်တဆ ထိခိုက်မှုများကိုအသေးစိတ်လေ့လာ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့လူပုဂ္ဂိုလ်များထံ အကြံပြု ထောက်ခံချက် Reccomendation များ ထုတ်ပြန်ကြေညာပေးခြင်း ဒီအဖွဲ့က ကျွန်တော်တို့ Reccomendation တွေပေးမယ်၊ နောင်တွင် ထိုကဲ့သို့ ထပ်မံဖြစ်ခြင်းမရှိစေရန် အသိပညာပေးချက်များ ထုတ်ပြန်ခြင်း။ ဒါက ကျန်တဲ့ အဖွဲ့အစည်းတွေလည်း အကုန်သိအောင် သူက ထုတ်ပြန်ပေးတယ်။

နောက်တစ်ခါ Website မှာလည်း သူက တင်ပေးတယ်။ နောက်တစ်ခါ ထိုသို့ မတော်တဆ ဖြစ်ပွားရခြင်းအတွက် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများကို ဖော်ထုတ်၍ ထိရောက်စွာ အရေးယူခြင်း။ အဲဒါကတော့ ကျွန်တော်တို့ ခုနကလို ဖြစ်လာပြီ၊ Accident ဖြစ်လာပြီဆိုရင် ဘယ်သူ့မျက်နှာမှ ထောက်စရာမလိုဘူး။ သူက Independent ဖြစ်တယ်၊ နော်။ နောက်ပညာရှင်တွေပါတယ်။ နောက် အငြိမ်းစားတွေပါတယ်။ ဒါကြောင့်မို့လို့ သူတို့က တိတိကျကျ မှန်မှန်ကန်ကန်ပဲ ဘယ်သူ့မှာ တာဝန်ရှိတယ်။ သူတို့ ဖော်ထုတ်တယ်။ ဖော်ထုတ်ပြီးရင် သူတို့ Website မှာ တင်တယ်။ ပြီးတော့ ကြေညာတယ်။ သူတို့ကတော့ သူ့မှာတော့ အရေးယူတဲ့ ဒုတိယဥက္ကဋ္ဌကြီး အာဏာ မရှိပါဘူးခင်ဗျား။ သူကတော့ ကော်မရှင်တို့၊ ဘုတ်အဖွဲ့တို့ ဖြစ်တဲ့အတွက်ကြောင့်၊ သူကနေပြီးတော့ Direct Report to ဥပမာ အားဖြင့် ဒုတိယသမ္မတ၊ သမ္မတပေါ့။ သူက Direct Report လုပ်ရပါတယ်။ ဒီ အဂတိလိုက်စားတဲ့ ကော်မရှင်လိုပါပဲ။

အဲဒီတော့ အဲဒီလို တိုက်ရိုက် သတင်းပို့တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံအတွက် နောင်ဆိုရင် ဒီလိုအဖွဲ့မျိုးများ ဖွဲ့စည်းပေးရင် အခု မဖွဲ့စည်းနိုင်တောင်မှ နောင် ကျွန်တော်တို့ ဖွဲ့စည်းပေးဖို့ သင့်ပါတယ်။ အခုတော့ ကျွန်တော်တို့ ဌာနဆိုင်ရာတွေကတော့ လုပ်နေပါတယ်။ မလုပ်ဘူး မဟုတ်ဘူး ကျွန်တော်လည်း သိပါတယ်။ ကျွန်တော်လည်း တစ်ချိန်က Pilot တစ်ယောက်ဆိုတော့ သိတယ်။ လေကြောင်းမှာ ဘယ်လောက်လုပ်နေတာ IKO နဲ့ ပတ်သက်ပြီးတော့ လုပ်နေတာတွေရှိတယ်။ သို့သော် လည်း ဒီလို Independent အဖွဲ့မျိုးတစ်ခုတော့ ကျွန်တော်တို့နိုင်ငံမှာ လိုတယ်။ သီးခြား အမှီအခိုကင်း ပြီးတော့ သူက ဘယ်သူ့မျက်နှာမှ မထောက်ဘဲနဲ့ လုပ်မယ့် အဖွဲ့အစည်းတစ်ခု လိုအပ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်ပြခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

၁၄-၄-၂၀၁၄ ရက်နေ့က မင်္ဂလာဒုံလေယာဉ်ကွင်းတွင် လေယာဉ်နှစ်စီး မြေပြင်တွင် တိုက်ခိုက်မိသည့်ပုံ (ဘဘ)



**အချိန်၊ ၁၁း၂၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးညွန့်တင်က နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆထိခိုက်မှု တားဆီးကာကွယ်ရေး အတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် က ထောက်ခံပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၂၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးညွန့်တင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့် ကော်မရှင်တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးညွန့်တင် ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဦးညွန့်တင် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့ အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နား ကြောင်းနှင့် (၆၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၆၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၆၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ကို ၁၁း၂၇ နာရီအချိန်တွင် ရပ်နားပါသည်။]